## တောင်ငူတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သ များအဖွဲ့ချုပ်)

**Taungoo University Students' Union (ABFSU)**

**နိုဝင်ဘာလ (၅)ရက်၊ ၂၀၂၁**

### အဝေးသင်ကျောင်းသားများသို့ တိုက်တွန်းနှိုးဆော်ချက်

ကျွန်ုပ်တို့တိုင်းပြည်အား အကြမ်းဖက် ဖက်ဆစ်စစ်တပ်မှ မတရားအာဏာသိမ်းခဲ့သည့် (၁-၂-၂၀၂၁)ရက်နေ့မှစ၍ ပြည်သူလူထုတစ်ရပ်လုံးနှင့် ကျောင်းသားထုအားလုံးတို့သည် နည်းလမ်းမျိုးစုံဖြင့် အာဏာရှင်အား တော်လှန်ခဲ့ကြပါသည်။

ယခုချိန်တွင် တစ်နိုင်ငံလုံးရှိ ကျောင်းသားတစ်ချို့နှင့် မိမိတို့တက္ကသိုလ်ရှိ ကျောင်းသားတစ်ချို့တို့သည်လည်း အာဏာရှင်၏ မတရားသတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းများဖြင့် အကျဉ်းထောင်များတွင် ရောက်ရှိလျက်ရှိပါသည်။

ထို့အပြင် တစ်ခြားသော ကျောင်းသား/သူများမှာလည်း လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဖြင့် အာဏာရှင်အားတော်လှန်ရန် တောတောင်များထဲ၌ ဒုက္ခမျိုးစုံခံလျက် ရဲရင့်စွာ တော်လှန်လျက်ရှိပါသည်။

ယခုအခါ အကြမ်းဖက် ဖက်ဆစ်စစ်တပ်မှ ၎င်းတို့၏ လူသတ်အားပေး လက်ကိုက်တုတ်များနှင့် ပူးပေါင်းကာ **အဝေးသင်** သင်တန်းများအား ဖွင့်လှစ်ရန် ကြိုးစည်လျက်ရှိပါသည်။

ထို့ကြောင့် တောင်ငူတက္ကသိုလ် အဝေးသင်ကျောင်းသားများအနေဖြင့် မိမိတို့ပြည်သူလူထု၊ ကျောင်းသားထုဘက်မျက်နှာမူလျက် စစ်ကောင်စီမှဖွင့်လှစ်သော **စစ်ကျွန်ပညာရေးအား အာဏာဖီဆန်သပိတ်မှောက်၍ ကျောင်းမအပ်၊ ကျောင်းမတက်ကြပါရန်** နှင့် **CDM ကျောင်းသားများအဖြစ် ရပ်တည်ပေးကြရန်** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**“ အာဏာရှင်စနစ် ကျဆုံးရမည် “**

**“ ပြောင်းလဲချင်ရင်၊ ကျောင်းထဲမဝင်နဲ့ “**

**“ သွေးစွန်းပညာရေး ဒို့အားမပေး “**


အလုပ်အမှုဆောင်အဖွဲ့

တောင်ငူတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

(ဗ.က.သ များအဖွဲ့ချုပ်)